**ကန့်သတ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ( ၄ /၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

## လူအများအပြားသေကျေစေနိုင်သည့် လက်နက်များပြန့်ပွားမှုနှင့် ပြန့်ပွားမှုအတွက် ငွေကြေးထောက်ပံ့မှုတို့အား တားဆီးကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းနှင့် ဟန့်တားခြင်းဆိုင်ရာအမိန့်

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ)ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်အညီ လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားမှုနှင့် ပြန့်ပွားရေးအတွက် ငွေကြေးထောက်ပံ့မှုတို့အား တားဆီးကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းနှင့် ဟန့်တားခြင်းဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များဖြစ်သော ၁၇၁၈ (၂၀၀၆)၊ ၁၈၇၄ (၂၀၀၉)၊ ၂၀၈၇ (၂၀၁၃)၊ ၂၀၉၄ (၂၀၁၃)၊ ၂၂၇၀ (၂၀၁၆)၊ ၂၃၂၁ (၂၀၁၆)၊ ၂၃၅၆ (၂၀၁၇)၊ ၁၇၃၇ (၂၀၀၆)၊ ၁၇၄၇ (၂၀၀၇)၊ ၁၈၀၃ (၂၀၀၈) နှင့် ၁၉၂၉ (၂၀၁၀) တို့ကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ အပြည့်အဝ လိုက်နာအကောင်အထည်ဖော်ဆောင်နိုင်ရန် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံအတွင်း တည်ရှိသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ အားလုံးသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပဋိညာဉ် အခန်း (၇) အရ လူအများအပြားသေကျေစေသော လက်နက်များ ပြန့်ပွားမှုနှင့် ပြန့်ပွားရေးအတွက် ငွေကြေးထောက်ပံ့မှုတို့နှင့် သက်ဆိုင်သည့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်များပါ သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ငွေကြေးနှင့်အခြားသော ပိုင်ဆိုင်မှုများကို ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေး ကြန့်ကြာမှုများမရှိစေဘဲ ထိန်းချုပ်ရမည့် ငွေကြေးနှင့် ပိုင်ဆိုင်မှုဆိုင်ရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ငွေကြေးနှင့်အခြားသော ပိုင်ဆိုင်မှုများ၊ လူအများ အပြားသေကျေစေသော လက်နက်များပြန့်ပွားရေးဆိုင်ရာ လုပ်ရပ်တစ်ခု၊ ကြံစည်မှု သို့မဟုတ် ခြိမ်းခြောက်မှုများနှင့် ချိတ်ဆက်မှုရှိသည့် အဆိုပါငွေကြေးနှင့် ပိုင်ဆိုင် မှုများ၊

**ကန့်သတ်**

(ခ) သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အလုံးစုံဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ပိုင်ဆိုင်သည့် ငွေကြေးနှင့် အခြားသော ပိုင်ဆိုင်မှုများ၊

(ဂ) သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ထားသည့် သို့မဟုတ် ပိုင်ဆိုင်သည့် ငွေကြေး သို့မဟုတ် အခြားပစ္စည်းများမှ ဖြစ်ထွန်းခဲ့သည့် သို့မဟုတ် ဆင်းသက်ခဲ့သည့် ငွေကြေးနှင့် အခြားပစ္စည်းများ၊

(ဃ) သတ်မှတ်ခံထားရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ကိုယ်စား သို့မဟုတ် ယင်းတို့၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ငွေကြေးနှင့် ပစ္စည်းများ။

၃။ လူအများအပြားသေကျေစေနိုင်သည့် လက်နက်များပြန့်ပွားမှုနှင့် ပြန့်ပွားမှုအတွက် ငွေကြေးထောက်ပံ့မှုတို့အား တားဆီးကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းနှင့် ဟန့်တားခြင်းတို့ကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်းလိုက်နာရမည်-

(က) ကုလသဂ္ဂလုံခြုံရေးကောင်စီ၏ သက်ဆိုင်ရာဆုံးဖြတ်ချက်များနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲဖြစ်စေ သို့တည်းမဟုတ် အကြောင်းကြားချက်မရရှိဘဲဖြစ်စေ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသားများအပါအဝင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အားလုံးသည် အပိုဒ် ၂ ပါ သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရန်ပုံငွေ သို့မဟုတ် အခြားသောပိုင်ဆိုင်မှုတစ်စုံတစ်ရာ၊ စီးပွားရေးအရင်းအမြစ်များ သို့မဟုတ် ဘဏ္ဍာရေး သို့မဟုတ် အခြား ဆက်စပ်ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးခြင်း မပြုရ။

(ခ) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၇၁၈ ဆိုင်ရာ အရေးယူဆောင်ရွက်ရေးဆိုင်ရာကော်မတီ (ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ)၏အင်တာနက်စာမျက်(https://www.un.org/securitycouncil/sanctions/1718) နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အီရန်နိုင်ငံဆိုင်ရာ အရေးယူပိတ်ဆို့ရေးစာရင်း (https://www.un.org/securitycouncil/ content/2231/list) တို့တွင်

ထုတ်ပြန်ထားသည့် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသည့် သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့ အစည်းများ၏ စာရင်းများကို အချိန်နှင့် တစ်ပြေးညီ ဝင်ရောက်ကြည့်ရှု၍ သတ်မှတ်ကြေညာချက် အသစ်ထုတ်ပြန်သည်နှင့် တစ်ပြိုင်နက် သတင်းပို့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများသို့ ချက်ချင်း အကြောင်းကြားရမည်။

(ဂ) ကြီးကြပ်ရေးအာဏာပိုင်များသည် အပိုဒ် ၂ ပါသတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအပေါ် ငွေကြေးဆိုင်ရာ အရေးယူ ပိတ်ဆို့မှုပြုလုပ်ရန် သတ်မှတ်မှုများကို ချက်ချင်း အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရေးအတွက် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် သတ်မှတ်ထားသော ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများထံ ဆက်သွယ်အကြောင်းကြားရန်နှင့် ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တာဝန်ရှိမှုနှင့်အညီ ပစ်မှတ်ထားအရေးယူရန် သတ်မှတ်ခံရသည့်ငွေကြေး သို့မဟုတ် အခြားသောပိုင်ဆိုင်မှုများကို လက်ဝယ်ထိန်းချုပ်ထားရနိုင်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်း များအပါအဝင် အခြားသောလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအတွက် ရှင်းလင်းသည့် လမ်းညွှန်ချက်များ ပေးအပ်ရန်အတွက် လုပ်ငန်းစဉ်တစ်ရပ်ထားရှိရမည်။

(ဃ) ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် အပိုဒ် ၂ ပါသတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုပြုလုပ်ရန် အားထုတ်မှုများအပါအဝင် သက်ဆိုင်ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့်အညီ ပိုင်ဆိုင်မှု တစ်စုံတစ်ရာအပေါ် ထိန်းချုပ်မှု သို့မဟုတ် အရေးယူဆောင်ရွက်ထားရှိမှုများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟို အဖွဲ့သို့ ချက်ခြင်းအစီရင်ခံ တင်ပြရမည်။

(င) အပိုဒ် ၂ ပါသတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ငွေကြေးနှင့် အခြားသောပိုင်ဆိုင်မှုများကိုထိန်းချုပ်ခြင်း သို့မဟုတ် တားမြစ်ခြင်းအား ဆောင်ရွက်ရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာရှိခဲ့ပါက သဘောရိုးဖြင့် ဆက်နွယ်ပတ်သက်ခဲ့သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် မိမိတို့

နစ်နာခဲ့သည့် ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ထားခြင်း သို့မဟုတ် တားမြစ်ထားခြင်းမှ ပယ်ဖျက်ပေးရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်သွင်းနိုင်သည်။

(စ) ကြီးကြပ်ရေးအာဏာပိုင်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့်ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများက အပိုဒ် ၂ ပါသတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအပေါ် ငွေကြေးဆိုင်ရာအရေးယူပိတ်ဆို့မှုများကို ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည့် ဤညွှန်ကြားချက်အပါအဝင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ရေးနှင့် လိုက်နာဆောင်ရွက်မှု သေချာစေရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ထားရှိရမည်။

၄။ ကြီးကြပ်ရေးအာဏာပိုင်များသည် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများ၏ ဒါရိုက်တာများ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါကြီးကြပ်မှု သို့မဟုတ် အရေးယူဆောင်ရွက်မှု တစ်မျိုးမျိုးဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေချမှတ်နိုင်သည်-

(က) စာဖြင့်ရေးသားသတိပေးခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့် ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) အခြားသင့်လျော်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ခြင်း။

၅။ ကြီးကြပ်ရေးအာဏာပိုင်များသည် အပိုဒ် ၅ အရ ချမှတ်ဆောင်ရွက်သည့် အရေးယူဆောင်ရွက်မှုများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြရမည်။

၆။ အပိုဒ် ၂ ပါသတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် သတ်မှတ်ကြေညာခြင်းခံထားရသည့် စာရင်းမှပယ်ဖျက်ပေးရေးအတွက် လျှောက်လွှာကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်သွင်းနိုင်သည် သို့မဟုတ် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၇၃၀ (၂၀၀၆) အရ ဖွဲ့စည်းထားသည့် ပယ်ဖျက်ပေးရေး တာဝန်ခံဆောင်ရွက်မည့်သူ (Focal Point) ထံ တိုက်ရိုက်တင်ပြနိုင်သည်။

၇။ ပိုင်ဆိုင်မှုများ သို့မဟုတ် ရန်ပုံငွေများအား ထိန်းချုပ်ခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် အဆိုပါ ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှုများသည် မှားယွင်းသတ်မှတ်ခံရခြင်းဖြစ်သည် သို့မဟုတ် စံနှုန်းသတ်မှတ်ချက်များနှင့်ဆက်လက်ကိုက်ညီခြင်းမရှိခြင်းဟူသော အကြောင်းရင်းခံဖြင့် အဆိုပါ ထိန်းချုပ်မိန့်အားပယ်ဖျက်ပေးရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ စာဖြင့်ရေးသား လျှောက်ထားနိုင်သည်။ အဆိုပါ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏တင်ပြမှုအပေါ် အထောက်အကူဖြစ်စေမည့် သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်။

၈။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် လက်ခံရရှိသည့် လျှောက်လွှာအား အတည်ပြုဖော်ထုတ်ခြင်းနှင့် စစ်ဆေးခြင်းများပြုလုပ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆက်လက်တင်ပြရမည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့မဟုတ် သက်ဆိုင်ရာကော်မတီက အမှန်တကယ်သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဟုတ်ကြောင်း သို့မဟုတ် စံနှုန်းသတ်မှတ်ချက်များနှင့်ဆက်လက်ကိုက်ညီမှု မရှိကြောင်း ဆုံးဖြတ်ပါက အဆိုပါဆုံးဖြတ်ချက်နှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ထိန်းချုပ်ထားသော ရန်ပုံငွေများအားသိမ်းဆည်းခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုထားသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးသို့ အဆိုပါထိန်းချုပ်ထားသည့် ပစ္စည်းနှင့် ရန်ပုံငွေများ အား ထိန်းချုပ်ခြင်းမှ ပယ်ဖျက်ပေးရန် ချက်ချင်းညွှန်ကြားရမည်။

၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ထိန်းချုပ်ထားသည့် ပစ္စည်းနှင့် ရန်ပုံငွေများအား ထိန်းချုပ်ခြင်းမှ ပယ်ဖျက်ပေးရေးညွှန်ကြားချက်ကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် သတင်းပို့အဖွဲ့အစည်းများသည် အဆိုပါပစ္စည်းနှင့် ရန်ပုံငွေများအား သိမ်းဆည်းခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ပစ္စည်းနှင့်ရန်ပုံငွေများကို ထိန်းချုပ်ထားခြင်းမှ ချက်ချင်းပယ်ဖျက်ပေးရမည်။

၁၀။ ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် ရန်ပုံငွေများကို ရယူအသုံးပြုရန်အတွက် အပိုဒ် ၂ ပါ သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း၊ ယင်းတို့၏ အကျိုးစီးပွားအတွက် ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုပစ္စည်းများ၊ စီးပွားရေး အရင်းအမြစ်များ သို့မဟုတ် ငွေရေးကြေးရေး သို့မဟုတ် အခြားဆက်နွယ်ပတ်သက်သည့် ဝန်ဆောင်မှုကို ပေးအပ်လိုသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ စာဖြင့်ရေးသားလျှောက်ထားနိုင်သည်။

၁၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အဆိုပါ ရယူအသုံးပြုရန်၊ ငွေပေးချေရန် သို့မဟုတ် အကျိုးအမြတ်ရယူရန် လျှောက်ထားချက်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၇၁၈ (၂၀၀၆) နှင့်ယင်း၏နောက်ဆက်တွဲဆုံးဖြတ်ချက်များနှင့် ဆုံးဖြတ်ချက်အမှတ်

၂၂၃၁(၂၀၁၅) တို့တွင်ဖော်ပြထားသည့် ကင်းလွတ်ခွင့်ရသည့် အခြေအနေများနှင့် ပြည့်မီကိုက်ညီသည်ဟု အတည်ပြုဖော်ထုတ်စစ်ဆေးတွေ့ရှိပါက အဆိုပါလျှောက်ထားချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့မဟုတ် သက်ဆိုင်ရာကော်မတီသို့ ဆက်လက်တင်ပြပြီး ယင်းတို့၏ ဆုံးဖြတ်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်ထားသည့် ငွေကြေး သို့မဟုတ် အခြားပိုင်ဆိုင်ပစ္စည်းများကို ရယူသုံးစွဲနိုင်ရန် ခွင့်ပြုနိုင်သည်။

၁၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အပိုဒ် ၂ ပါ သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ပစ္စည်းနှင့် ရန်ပုံငွေများကို ရယူသုံးစွဲခွင့်ပြုသည့် သို့မဟုတ် ရန်ပုံငွေ သို့မဟုတ် အခြားအကျိုးအမြတ်များကို အဆိုပါ ပုဂ္ဂိုလ်များသို့ ထောက်ပံ့ပေးအပ်ခွင့်ပြုသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကော်မတီသို့ ပေးပို့ခြင်းနှင့် အဆိုပါဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဆိုင်ရာကော်မတီက အတည်မပြုလျှင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုရပါ။

၁၃။ အထက်ဖော်ပြပါ အပိုဒ် ၁၂ အရ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဆိုင်ရာ ကော်မတီသို့ ပေးပို့သည့်နေ့မှ (၅) ရက်အတွင်း အဆိုပါ ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်ဆောင်ခြင်း မပြုရ။ အဆိုပါ (၅) ရက်အတွင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီဆုံးဖြတ်ချက်ဆိုင်ရာကော်မတီက အကြောင်း တစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်း မရှိလျှင် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုပြီးဖြစ်သည်ဟုမှတ်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၁၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် သက်ဆိုင်ရာလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့် ယင်းတို့၏နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအရ ထိန်းချုပ်ခြင်းခံထားရသည့် ငွေစာရင်းများသို့ အဆိုပါထိန်းချုပ်မိန့်များမချမှတ်မီက စာချုပ်၊ သဘောတူညီချက် သို့မဟုတ် တာဝန်ရှိမှုများအရ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆုံးဖြတ်ချက်အမှတ် ၁၇၁၈ (၂၀၀၆) သို့မဟုတ် ဆုံးဖြတ်ချက်အမှတ် ၂၂၃၁(၂၀၁၅) အရ ထိန်းချုပ်ထားသော ငွေစာရင်းများသို့ အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့် ရက်မတိုင်မီ ငွေစာရင်းသို့ ဝင်ရန်ရှိသော အတိုးများဖြစ်စေ၊ အခြားဝင်ငွေများဖြစ်စေ၊ စာချုပ်များ၊ သဘောတူညီချက်များ သို့မဟုတ် တာဝန်ရှိမှုများအရဖြစ်စေ ပေးချေရန် ငွေများရှိပါက ထိုအတိုးများ၊ အခြားဝင်ငွေများနှင့် ပေးချေမှုများကို လက်ခံရ

မည်။ သို့ရာတွင် အဆိုပါ ပေးသွင်းငွေများကိုလည်း သက်ဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့်အညီ ဆက်လက်ထိန်းချုပ်ထားရှိရမည်။

(ခ) ထိန်းချုပ်မှုကို ဆုံးဖြတ်ချက်အမှတ် ၁၇၃၇ (၂၀၀၆)နှင့် ဆုံးဖြတ်ချက်အမှတ် ၂၂၃၁ (၂၀၁၅) အရဖြစ်စေ၊ ဆုံးဖြတ်ချက်အမှတ် ၂၂၃၁ (၂၀၁၅)ဆက်လက်ဆောင်ရွက်ခြင်း အရဖြစ်စေ၊ ဆောင်ရွက်သည့် ထိန်းချုပ်မှုများနှင့်ပတ်သက်၍ စာရင်းသွင်းသတ်မှတ် ခံရသူ သို့မဟုတ် အဖွဲ့အစည်းမှ စာရင်းသွင်းသတ်မှတ်ခြင်းမခံရမီ ချုပ်ဆိုခဲ့သော စာချုပ်တစ်ရပ်ရပ်အရ ပေးဆောင်ရန်များရှိပါက အောက်ဖော်ပြပါ အချက်တို့နှင့် ကိုက်ညီလျှင် ပေးဆောင်ရပါမည်–

(၁) ထိုစာချုပ်သည် ဆုံးဖြတ်ချက်အမှတ် ၂၂၃၁ (၂၀၁၅) နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များတွင်ပါ ညွှန်းဆိုထားသော မည့်သည့်တားမြစ်ပစ္စည်းများ၊ ရုပ်ဝတ္ထု၊ ကုန်ပစ္စည်း၊ နည်းပညာများ၊ အထောက်အကူပစ္စည်းများ၊ သင်တန်းများ၊ ငွေကြေး အကူအညီများ၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်ခ သို့မဟုတ် ဝန်ဆောင်မှုများနှင့် ဆက်နွှယ်မှုမရှိကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့က ဆုံးဖြတ်ခြင်း၊

(၂) ဆုံးဖြတ်ချက်အမှတ် ၂၂၃၁(၂၀၁၅)၏ နောက်ဆက်တွဲ(ခ)၊ စာပိုဒ်(၆)၌ ပါရှိသော အရေးယူဆောင်ရွက်မှုခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းသည် ထိုပေးချေမှုကို တိုက်ရိုက်လည်းကောင်း သွယ်ဝိုက်၍လည်းကောင်း လက်ခံရရှိမှု မရှိကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ဆုံးဖြတ်ခြင်း၊

(၃) အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ထိုသို့ငွေပေးချေမှု သို့မဟုတ် လက်ခံရရှိမှုများ ပြုလုပ်ရန်ရည်ရွယ်ကြောင်း ကြိုတင်အကြောင်းကြားစာကို လုံခြုံရေး ကောင်စီထံ တင်ပြပြီးဖြစ်ခြင်း၊ သင့်လျော်သည့် အခြေအနေများတွင် ရန်ပုံငွေများ၊ အခြားငွေကြေးဆိုင်ရာ ပိုင်ဆိုင်မှုများ (သို့မဟုတ်) စီးပွားရေးဆိုင်ရာ အရင်းအမြစ်များကို ထိန်းချုပ်မှုမှ လွတ်ကင်းစေခြင်းတို့ လုပ်ဆောင်ရန် ရည်ရွယ်ကြောင်းကို လုပ်ပိုင်ခွင့်မချမှတ်မီ ရုံးဖွင့်ရက် ၁၀ ရက်အတွင်း အကြောင်းကြားပြီးဖြစ်ခြင်း။

၁၅။ မည်သူမဆို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်သည့် ဤအမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်း ခံရမည်။

ဥက္ကဋ္ဌ

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်

စာအမှတ်၊ ၂၆၂၉(၉)/၁၀-၀၄/ ဦး ၄

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

**ဖြန့်ဝေခြင်း**

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကြီးကြပ်မှုအောက်ရှိ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထပ်ဆင့်ညွှန်ကြားသွားရန်)

မြန်မာနိုင်ငံစာရင်းကောင်စီ

မြန်မာနိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အကောက်ခွန်ဦးစီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မြန်မာ့အာမခံလုပ်ငန်း

သတ္တုတွင်းဦးစီးဌာန

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မြန်မာနိုင်ငံရှေ့နေများအသင်း

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း

**မိတ္တူကို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

မျှော/ လက်ခံ